# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများအတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ အခွန်ဆိုင်ရာဝန်ဆောင်မှုများကို အရည်အသွေးပြည့်ဝစွာဆောင်ရွက်နိုင်ရန်နှင့် အခွန်ထမ်းမှတ်ပုံတင်အမှတ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပုဂ္ဂိုလ်စု/ အဖွဲ့အစည်းများအတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂ ကို (၃၁-၃-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂ အရ ပုဂ္ဂိုလ်စု/ အဖွဲ့အစည်းများ၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် နောက်ဆုံးထားလျှောက်ထားရမည့် သတ်မှတ်ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၁-၄-၂၀၂၂ ရက်နေ့မတိုင်မီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number) သတ်မှတ်ခြင်းမပြုရသေးသည့် ပုဂ္ဂိုလ်စု/ အဖွဲ့အစည်း ဖြစ်ပါက ၃၀-၆-၂၀၂၂ ရက်နေ့ နောက်ဆုံးထားလျှောက်ထားရန်၊

(ခ) (၁-၄-၂၀၂၂) ရက်နေ့မှစ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသည့် ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများဖြစ်ပါက မှတ်ပုံတင်ပြီးသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း၌ လျှောက်ထားရန်။

၃။ အခွန်ထမ်းမှတ်ပုံတင်အမှတ်ရရှိပြီးသည့် အခွန်ထမ်းများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ရာတွင် လည်းကောင်း၊ ငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်း အပါအဝင် လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ရာတွင် လည်းကောင်း အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို မပျက်မကွက် အသုံးပြုရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများအနေဖြင့် သတ်မှတ်ရက်များအတွင်း အခွန်ထမ်းမှတ်ပုံတင်အမှတ်အား မပျက်မကွက်လျှောက်ထားရန် လိုအပ်ပါကြောင်းနှင့် အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားရာတွင် ရွေးချယ်နိုင်သည့် နည်းလမ်းများ၊ အသုံးပြုရမည့် သတ်မှတ်ပုံစံများ၊ တင်ပြရန်လိုအပ်သည့်

အထောက်အထားများကို **ပုဂ္ဂိုလ်စုအခွန်ထမ်းများအတွက် အခွန်ထမ်းမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းဆိုင်ရာသိကောင်းစရာများလက်ကမ်းစာစောင်** https://www.ird.gov.mm/sites/default/files/TIN_Registration_Pamphlet_c1.pdf ဖတ်ရှုလေ့လာနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်၊ ဖုန်းနံပါတ်- ၀၆၇- ၃၄၃၀၅၃၃၊ ၀၆၇- ၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့၊ အမှတ်- ၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်းနံပါတ်- ၀၁- ၈၃၈၉၃၁၁၊ ၀၁- ၈၃၈၉၃၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး၊ ဖုန်းနံပါတ်- ၀၂- ၄၀၃၀၁၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**